မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ရခိုင်ပြည်နယ်၊ မောင်းတောခရိုင် ရွေးကောက်ပွဲကော်မရှင်က ပုဒ်မ ၁၄၄ အရေးပေါ် ထုတ်ပြန်ချက်သည် တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

## ဖြစ်စဉ်အကျဉ်း

ရွေးကောက်ပွဲကော်မရှင်နှင့် နီးစပ်သူတဦးက “လွန်ခဲ့တဲ့ စနေနေ့ ညနေပိုင်းမှာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက ခမောင်းဆိပ်ကျေးရွာမှာ မဲဆွယ်စည်းရုံးနေစဉ် ကြံ့ဖွံ့ပါတီက လာနှောင့်ယှက်တဲ့ အတွက် တဖွဲ့နဲ့တဖွဲ့ အကြီးအကျယ် ရိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်က ပုဒ်မ ၁၄၄ ထုတ်ပြီး ၅ ယောက် ထက် ပိုမစုရဆိုပြီး အမိန့်ထုတ်ထားပါ တယ်” ဟု ပြောသည်။

တကယ်တန်း မွတ်ဆလင်လူထု ထောက်ခံနေတာက အစိုးရနဲ့မဆိုင်တဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ ဖြစ်ပါတယ်။ ဒါကို ကြံ့ဖွံ့ပါတီက သိနေတဲ့အတွက် နေရာတိုင်းမှာ လိုက်အနှောင့်အယှက် ပေးနေတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက နောက်ဆုံး မခံမရပ်နိုင်ဖြစ်ပြီး ခုလိုရိုက်ပွဲ ဖြစ်ပွားတာ ဖြစ်ပါတယ် ဟုပြောသည်။

အနည်းဆုံး ရိုက်ပွဲ ၇ ပွဲခန့် ဖြစ်ပွားခဲ့ပြီး ဖြစ်ကြောင်းနှင့် ထိုအထဲ မောင်းတော တောင်ပိုင်းတွင် မြင်းလွှတ် ကျေးရွာနှင့် သပြေတော ကျေးရွာများတွင်လည်း ရိုက်ပွဲဖြစ်ပွားခဲ့သည် ဟုသိရသည်။ (၁၀/၁၈/၂၀၁၀ Nirinjara )

## ဥပဒေရေးရာ သုံးသပ်ချက်

(၁) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ (၁) အရ ခရိုင် ရာဇဝတ်တရားသူကြီး၊ နယ်ပိုင် ရာဇဝတ် တရားသူကြီး သို့မဟုတ် ဤပုဒ်မအရ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သမ္မတ က ဖြစ်စေ၊ ခရိုင် ရာဇဝတ် တရားသူကြီးက ဖြစ်စေ၊ အာဏာ အထူးအပ်နှင်းထားသော အခြား ရာဇဝတ် တရားသူကြီး တဦးသည် သာလျှင် ဤပုဒ်မအရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်သည့်အရာနှင့် ပတ်သက်၍၎င်း၊ ရှုန်းရင်းဆန်ခတ်မှုနှင့် ပတ်သက်၍၎င်း မဖြစ်ပွားစေရန်အတွက် ချက်ချင်းတားဆီးရန် သို့မဟုတ် အဆော တလျှင် ပပျောက်အောင် ပြုလုပ်ရန်လိုအပ်ကြောင်း လုံလောက်သော အကြောင်းရှိသည်ဟု ထင်မြင်ယူဆ သည့် အမှုများတွင်သာ တားမြစ်အမိန့် ချက်ချင်းထုတ်ဆင့်နိုင်ခွင့် အာဏာရှိသည်။ ရွေးကောက်ပွဲ ကော်မရှင်တွင် ပုဒ်မ ၁၄၄ ထုတ်ပိုင်ခွင့် အာဏာအပ်နှင်းထားခြင်း မရှိပါ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ (၆) အရ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ပြန်တမ်းတွင် အမိန့် ကြော်ငြာစာဖြင့် အခြားနည်း ညွှန်ကြားချက် မရှိပါက ဤပုဒ်မအရ ချမှတ်သော မည်သည့်အမိန့်မျှ ချမှတ်သည့် နေ့ရက်မှ နှစ်လထက်ပို၍ မတည်စေရ ဟုပြဋ္ဌာန်းထားချက် ရှိပါသည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ဖြစ်သည့် မူရင်းဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရပါသည်။

(၂) ၂၀၁၀ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ထုတ်ပြန်သည့် နအဖ ဥပဒေအမှတ် ၁/၂၀၁၀ “ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ တွင် ပုဒ်မပေါင်း ၁၄ ခုပါရှိပါသည်။ မည်သည့်ပုဒ်မတွင်မှာမျှ ခရိုင် ရာဇဝတ်

တရားသူကြီး၏ ပုဒ်မ ၁၄၄ (၁) အရ အာဏာနှင့် နိုင်ငံတော်သမ္မတ၏ ပုဒ်မ ၁၄၄ (ဖ) အရ အာဏာတို့ကို မည်သည့်ရွေးကောက်ပွဲ ကော်မရှင်ကိုမှ အပ်နှင်း ထားခြင်းမရှိပါ။ ထို့ကြောင့် မည်သည့်ရွေးကောက်ပွဲ ကော်မရှင် အဆင့်ဆင့်ကမျှ ပုဒ်မ ၁၄၄ ထုတ်ပြန်ပိုင်ခွင့် အာဏာမရှိပါ။

(၃) နအဖ ဥပဒေ အမှတ် ၁/၂၀၁၀၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၃ အရ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ လုပ်ထုံး လုပ်နည်းများ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားသည်။ ဤဖော်ပြချက်မျိုးဖြင့် ပင်မမူရင်း ဥပဒေများကို ချိုးဖောက်ကျူးလွန်ကာ ဥပဒေအရ လုပ်ပိုင်ခွင့် အာဏာမရှိပါ။ လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများတွင် ပါရှိသော ကော်မရှင်အဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များတွင်လည်း ပုဒ်မ ၁၄၄ အရေးပေါ် ထုတ်ပြန်နိုင်ခွင့် အာဏာ ပေးအပ်ထားခြင်း လုံးဝမပါရှိပါ။

(၄) သို့ဖြစ်ပါ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြံ့ဖွံ့ပါတီ တပါတီတည်းအတွက် လုံးဝဘက်လိုက်ပြီး တလျှောက်လုံး အနှောက်အယှက်ပေးနေခြင်းမှာ တရားမျှတ လွတ်လပ်သည့် ရွေးကောက်ပွဲကို ရှေ့ရှုဆောင်ရွက်ရာ မရောက်သော၊ ပါတီစုံ ဒီမိုကရေစီစနစ်ကို မျက်ကွယ်ပြုသော လုပ်ရပ်များကို ကျူးလွန်ရာရောက်ပါသည်။ ဤသို့ မောင်းတောခရိုင် ရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ရပ်များမှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လုပ်ရပ်များဖြစ်သည့်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ၎င်းနှင့်အတူ ပူးတွဲကျူးလွန်သည့် ကြံ့ဖွံ့ပါတီကိုလည်း အရေးယူရမည် ဖြစ်ပါ သည်။ ထို့ကြောင့် ပြည်သူလူထုနှင့် နိုင်ငံရေးပါတီများအနေဖြင့် ယခုလာမည့် နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲအား ကန့်ကွက်ဆန္ဒပြ တောင်းဆိုမှု ကွန်ရက်များကို ဖွဲ့စည်းကာ တညီတညွတ်တည်း စည်းလုံးညီညွတ်စွာ ကန့်ကွက်တုန့်ပြန်သင့်ပါကြောင်း သုံးသပ်ချက်ထုတ် ပြန်အပ်ပါ သည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့<br>မြန်မာနိုင်ငံရှေ့နေများကောင်စီ<br>( ၂၉၊ ၁၀၊ ၂၀၁၀)

အသေးစိတ် သိရှိလိုပါလျှင်–
ဦးမျိုး
တာဝန်ခံ–ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
(ဖုန်း ၀၈၆ ၂၃၆ ၀၁၀၈)

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation.
It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.